ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့
(၂၈. ၅. ၂၀၁၈)ရက်နေ့တွင် လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးအောင်သူ တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အစီအစဉ်အရ KIA/ TNLA တို့၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့တိုင်းရင်းသား ပြည်သူများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေကြသူများ၏ အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဂရုပြု၍ စာနာထောက်ထားရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူမှ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သူ၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ ဖြစ်ပါတယ်။ ကျွန်တော့်ဒီနေ့ တင်သွင်းမယ့် ဝမ်းနည်းကြောင်းအဆိုကတော့ (၁၂-၅-၂၀၁၈)ရက်နေ့ နံနက်ပိုင်းမှာ မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်စခန်းနှင့် မြို့အတွင်းရှိ နေအိမ်များသို့ KIA/TNLA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ၁၄ ဦး သေဆုံးပြီးရဲတပ်ဖွဲ့ဝင် ၄ ဦး ကျဆုံးကာ ဒဏ်ရာရသူ ၂၇ ဦးအတွက် စာနာထောက်ထားကြောင်းနှင့် သေဆုံးသူ မိသားစုနှင့်အတူ ဝမ်းနည်းကြောင်း အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။(၁၂-၅-၂၀၁၈)ရက်နေ့ နံနက်(၅)နာရီခန့်မှ စတင်၍ မူဆယ်မြို့ နယ်၊ ပန်ခမ်းတံတားအား KIA/TNLA ပူးပေါင်းအဖွဲ့ အင်အား ၅၀ ဦးခန့်က လည်းကောင်း၊ မူဆယ်မြို့အတွင်းရှိ ပြည်သူ့ စစ်အဖွဲ့ခေါင်းဆောင်၏ နေအိမ်တစ်ဝိုက်အား အင်အား ၃၀ဦး က လည်းကောင်း၊ မန်ဝိန်းဂိတ်အား အင်အား ၁၀ ဦးခန့် လည်းကောင်း၊ မူဆယ်မြို့ ပန်ခမ်းတံတား အနီး နောင်ရမ်းကျေးရွာရှိ အပြစ်မဲ့ပြည်သူများအားလည်းကောင်း ဝင်ရောက်၍ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပါတယ်။ ထိုသို့ပစ်ခတ်မှုကြောင့် မြောက်ပိုင်း မဟာမိတ်အဖွဲ့ အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့နှင့် ဌာနေပြည်သူ့စစ်အဖွဲ့ဝင် ၄ ဦး တို့ကျဆုံးကာ နောင်ရမ်းကျေးရွာမှ အပြစ်မဲ့ပြည်သူ ၁၄ ဦး စုစုပေါင်း ၁၉ ဦး သေဆုံးခဲ့ပါတယ်။ ထို့အတူ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ စစ်အဖွဲ့ဝင်များနှင့် အပြစ်မဲ့တိုင်းရင်းသားများ ဖြစ်ကြသည့် မူဆယ်မြို့ ရပ်ကွက်(၂)ခု၊ တိန်းလုံကျေးရွာ၊ ပန်ခမ်းကျေးရွာ၊ နမ့်အွန်းကျေးရွာ၊ နောင်ရမ်းကျေးရွာသားများ အပါအဝင် စုစုပေါင်း ၂၇ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မြောက်ပိုင်းမဟာမိတ်အဖွဲ့ အမည်ခံအကြမ်း ဖက်သောင်းကျန်းသူ KIA/TNLA တို့၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ တိုင်းရင်းသား ပြည်သူများနှင့် ပြည်သူတို့၏ အသက် အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေကြသူ များ၏ အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဂရုပြု၍ စာနာထောက်ထားရန် တာဝန်ရှိပါသဖြင့် အထက်ပါဝမ်းနည်းကြောင်း အဆိုကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်သူက အဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က)အရ လွှတ်တော်သို့ တင်သွင်း

လာပါတယ်။ ဒီဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် တင်သွင်း သည့် ဝမ်းနည်းကြောင်း အဆိုအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ပါတယ်။